# ကျန်းမာရေးအာမခံအား လူတိုင်းအတွက် ဖွင့်လှစ်ပေးခြင်း။

## အသစ်။ စာရွက်စာတမ်း အထောက်အထားမရှိသော ရွှေ့ပြောင်းနေထိုင်သူများသည် ယခုအခါ ကျန်းမာရေးအာမခံအား အလွယ်တကူ ဝယ်ယူနိုင်ပြီ ဖြစ်သည်။

ဤနိုဝင်ဘာလမှ စတင်၍ Washington ပြည်နယ်၌ နေထိုင်သူ တစ်ဦးတစ်ယောက်စီတိုင်းသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေ မည်သို့ပင်ဖြစ်စေကာမူ *Washington Healthplanfinder* မှတစ်ဆင့် ကျန်းမာရေးနှင့် သွားဘက်ဆိုင်ရာ အာမခံအား ဝယ်ယူနိုင်ကြမည် ဖြစ်သည်။

## မည်သူမဆိုသည် နိုဝင်ဘာလ 1 ရက်၊ 2023 မှစတင်၍ စာရင်းသွင်းနိုင်ပြီ ဖြစ်သည်။

ဇန်နဝါရီလ 1 ရက်၊ 2024 တွင် စတင်မည့် ကျန်းမာရေး အာမခံအတွက် ဒီဇင်ဘာ 15 ရက်အမီ စာရင်းသွင်းလိုက်ပါ။ လွတ်လပ်သော စာရင်းသွင်းမှုသည် ဇန်နဝါရီလ15 ရက်၊ 2024 တွင် အဆုံးသတ်မည် ဖြစ်သည်။

### သင်၏ လစဉ် အာမခံ ပေးချေမှုအတွက် အကူအညီရယူလိုက်ပါ။

*ဝင်ငွေနည်းသူများအတွက် ဒစ်စကောင့်များ*

သင်သည် Cascade Care Savings အတွက် အရည်အချင်း ပြည့်မီကောင်း ပြည့်မီမည် ဖြစ်သည်၊ ဆိုလိုသည်မှာ Washington ပြည်နယ်သည် သင်၏ ကျန်းမာရေးအာမခံ တစ်စိတ်တစ်ပိုင်းအား ပေးချေပေးမည် ဖြစ်သည်။ အကယ်၍ သင်၏ အိမ်ထောင်စု ဝင်ငွေသည် အောက်ပါ အတိုင်းအတာများအတွင်း ရှိခဲ့လျှင် သင်သည် အရည်အချင်း ပြည့်မီကောင်း ပြည့်မီနိုင်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| $36,450 | $49,300 | $62,150 | $75,000 | $87,850 | $100,700 |
| တစ်ဦးချင်း | မိသားစုဝင် 2 ဦး | မိသားစုဝင် 3 ဦး | မိသားစုဝင် 4 ဦး | မိသားစုဝင် 5 ဦး | မိသားစုဝင် 6 ဦး |

### သင်၏ လုံခြုံရေးသည် ကျွန်ုပ်တို့အတွက် အလွန် အရေးကြီးပါသည်။

- စာရင်းသွင်းခြင်းသည် သင်၊ သင့်မိသားစု သို့မဟုတ် သင်နှင့်အတူနေထိုင်သော မည်သူမဆို၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခေ ခြအနေ သို့မဟုတ် နိုင်ငံသားဖြစ်မှု လျှောက်လွှာများအပေါ် သက်ရောက်မှုရှိမည် မဟုတ်ပါ။
- ဖယ်ဒရယ် နှင့် ပြည်နယ် ဥပဒေများအရ *Washington Healthplanfinder* မှတစ်ဆင့် ကျန်းမာရေးအာမခံ လျှောက်ထားသူများ၏ ပုဂ္ဂိုလ်ရေး အချက်အလက ်စောင့်ထိန်းမှုအပေါ် အကာအကွယ်ပေးထားပါသည်။ အာမခံအကျုံးဝင်လွှမ်းခြုံမှုအတွက် အရည်အချင်းပြည့်မီမှုအား သတ်မှတ်ဆုံးဖြတ်ဖို့အတွက်သာလျှင် လူဝင်မှုကြီးကြပ်ရေး အခြေအနေနှင့်ပတ်သက်သော အချက်အလက်များအား အသုံးပြုမည် ဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေးအတွက် ၎င်းအချက်အလက်များအား အသုံးပြုမည် မဟုတ်ပေ။

## အကူအညီလိုအပ်ပါသလား။ စာရင်းသွင်းမှုနှင့်ပတ်သက်ပြီး အခမဲ့ ပံ့ပိုးထောက်ပံ့မှု ရယူရန် နည်းလမ်း 3 လမ်း

### ခေါ်ဆိုပါ

သုံးစွဲသူ ပံ့ပိုးထောက်ပံ့မှု စင်တာ

အခွန်အခမဲ့: 1-855-923-4633

TTY/TDD: 1-855-627-9604

*နာရီချိန်များ - မနက် 7:30 မှ ညနေ 5:30*
*အကူအညီအား ဘာသာစကား အမျိုးပေါင်း 200 ကျော်ဖြင့် ရရှိနိုင်ပါသည်။*

### သွားရောက်ကြည့်ရှုပါ

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်

wahealthplanfinder.org

သို့မှမဟုတ် သင်၏ ကင်မရာအား အသုံးပြု၍ QR ကုဒ်အား စကန်ဖတ်လိုက်ပါ

### ချိတ်ဆက်ပါ

ဒေသခံ ကျွမ်းကျင်သူများဖြင့်*

စာရင်းသွင်းရန်မှာ နိုဝင်ဘာ 1 ရက်နေ့၌ ကျွန်ုပ်ထံ ဆက်သွယ်လိုက်ပါ။

*လမ်းညွှန်သူများ နှင့် ပွဲစားများသည် ရရှိနိုင်သော ငွေကြေးဆိုင်ရာ အကူအညီပေးမှုများအကြောင်း သင် သိရှိနားလည်စေရန်၊ ကျန်းမာရေးအာမခံနှင့် ပတ်သက်သော မေးခွန်းများအား ဖြေကြားပေးရန် နှင့် အစီအစဉ်များအား ကူညီဝယ်ယူပေးရန် သင့်အား အကူအညီပေးနိုင်ပါသည်။ တစ်စုံတစ်ဦးသည် သင့်အား အကူအညီပေးရန် အသိအမှတ်ပြုလက်မှတ် ရရှိထားခြင်း ရှိမရှိ သင် မသိရှိပါက *Washington Healthplanfinder* ၏ သုံးစွဲသူ ပံ့ပိုးထောက်ပံ့မှု စင်တာထံ 1-855-923-4633 သို့ ဖုန်းခေါ်ဆိုပါ။

washington healthplanfinder
click. compare. covered.